# သောကနှင့်ပင်လယ်ပြာ

# Anxiety and the Deep Blue Sea

ကျွန်မကား ချောင်းမြောင်းများ၊ ရေကန်များ၊ ရေအိုင်များနှင့် မြစ်များဝန်းကျင်တွင် ကျင်လည်ကြီးပြင်းခဲ့ရသူဖြစ်သော်လည်း ကျွန်မ အသက် ၁၆နှစ်သမီးအရွယ်တွင် နယူးဂျာစီပြည်နယ်၊ အတ္တလန္တိတ်မြို့သို့ သွားရောက်ခဲ့ရသောအခါတွင်မှသာ သမုဒ္ဒရာပြင်ကြီးကို ပထမဦးဆုံး အကြိမ် တွေ့မြင်ခဲ့ရခြင်းဖြစ်ပါသည်။ဆိပ်ခံဘောပေါ်သို့ ကျွန်မတို့ရောက်သည့် ညတွင်ပင် သစ်သားဆိပ်ခံတစ်ခုပေါ်သို့ ကျွန်မလမ်းလျှောက် ထွက်ခဲ့သည်။ တဝုန်းဝုန်းမြည်နေသော လှိုင်းလုံးကြီးများက ကျွန်မ၏ ခြေဖဝါးအောက်တွင် ကြေပျောက်သွားသည်နှင့်အမျှ ကြောက်အားလန့် အားနှင့် ဆိပ်ခံလက်ရန်းများကို ဆုပ်ကိုင်ထားလိုက်မိခဲ့သည်။ ထိုကတည်းက ပင်လယ်ပြင်ကြီးကို ကျွန်မကြောက်လည်းကြောက်၊ ချစ်လည်း ချစ် သွားခဲ့သည်။ ကျွန်မသည် ရေးကူးကျွမ်းကျင်သူတစ်ဦး မဟုတ်ခဲ့ပါ။ သို့သော် ပင်လယ်ကြီး၏ စူးရဲသောအကြည့်ကို ကျွန်မသဘောကျသည်။ ကျွန်မ၏ ခြေချောင်းများကြားရှိ သဲမွှမွှများကို နှစ်သက်သည်။ သိမ်မွေ့သော လှိုင်းလုံးများက ကျွန်မကို ပင့်မသယ်ဆောင်သွားသော လွင့်မျောမှု ကို ကျွန်မစွဲလန်းလာခဲ့မိသည်။

သို့ဖြင့် ကျွန်မတို့မိသားစု နွေရာသီတစ်ခုတွင် ပင်လယ်ကမ်းခြေအနီး၌ စခန်းချအပန်းဖြေကြသောအခါတွင် ကျွန်၏ဆယ်ကျော်သက် သားငယ်နှစ်ဦးသည် ပင်လယ်ရေလှိုင်းစီးခြင်းကို စွဲလမ်းခုံမင်စပြုလာခဲ့ကြသည်။ သူတို့၏ လှိုင်းစီးမည့် ပျဉ်ချပ်များကို ကမ်းခြေမှကိုက် ၁၀၀ခန့် အကွာတွင် ခိုင်မာစွာချည်ထားရင်း ပင်လယ်လှိုင်းအထကို စောင့်နေကြသည်ကိုကြည့်ရင်း ကျွန်မစိတ်ချမ်းမြေ့ခဲ့ရသည်။ သို့သော် ကျွန်မ၏ သားနှစ်ယောက်မှာ အချိန်ကြာလာသည်နှင့်အမျှ ပို၍အရဲစွန့်လာကြသည်။ ပင်လယ်လှိုင်းအထကို ပင်လယ်ကမ်းစပ်မှ အလှမ်းအတော်ဝေးသော ပင်လယ်ထဲမှနေ၍ စောင့်ဆိုင်းကာ လှိုင်းစီးကြသည်။ ကျွန်မမှာမူကား ပင်လယ်ပြာကြီးထဲတွင် အစက်ကလေးမျှလောက်သာ မြင်ရသော ကျွန်မ၏ သားကလေးများကို ကမ်းခြေမှပင် စောင့်ကြည့်ရင်း သောကကိုဖြေဖျောက်ဖို့ ကြိုးစားနေခဲ့ရပေသည်။

တစ်ခါတစ်ရံ မိဘများ ကျူးလွန်လေ့ရှိတတ်သည့် အမှားတစ်ခုမှာ စိုးရိမ်ပူပန်မှုကို ကလေးများ၏ စွမ်းဆောင်နိုင်ရည်အား ဆုံးဖြတ်ပေး သည့် လမ်းညွှန်မှုသဖွယ် လက်ခံပြုမူမိခြင်းဖြစ်ပေသည်။ တစ်စုံတစ်ခုကို ပြုလုပ်ခွင့်မပေးကြတော့ပေ။ စိုးရိမ်ပူပန်မှုသည် မိဘအဖြစ်ပြုစုပျိုးထောင် ခြင်း၏ ကဏ္ဍတစ်ရပ်ဖြစ်သည်မှာ မှန်ပါသည်။ ယင်းသည် ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်၏ အမှတ်လက္ခဏာလည်း ဖြစ်ပါသည်။ ထို့ပြင် ယင်း သည်ဆုတောင်းဆုယူပြုရန် အချိန်ရောက်ပြီဖြစ်ကြောင်း သတိပေးသည့် သင်္ကေတလည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဝတ်ပြုဆုတောင်းမှုကို ထပ်ဖန်တလဲလဲပြုမိစေရန် စိုးရိမ်ပူပန်မှုသည် ကောင်းသောကိစ္စရပ်တစ်ခု ဖြစ်နိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့၏ သားသမီးများအား လမ်းကောင်းလမ်းမှန် ပေါ်ရောက်စေရန် လေ့ကျင့်ပျိုးထောင်ဦးဆောင်လမ်းပြရေးသည် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားတစ်ရပ် ဖြစ်ပါသည်။ သို့ရာတွင် အချို့သော အခြေအနေတစ်ရပ်တွင် ကျွန်ုပ်တို့အနေဖြင့် အသာအရာနောက်ချန်ကာ နေရစ်လိုက် ပြီး သူတို့အပေါ်တွင် ကြီးများပြင်းထန်သော ဘေးအန္တရာယ် မကျရောက်စေရန် ဘုရားသခင်ကိုသာ ယုံမှတ်အပ်နှံထားလိုက်ရန် လိုအပ်တတ်ပေ သည်။ သားသမီးများသည် ကြီးပြင်းလာသည်နှင့်အမျှ အဆုံးအစမထင်သော အတွေ့အကြုံများကို ဆည်းပူးလေ့လာရန် လိုအပ်သကဲ့သို့ မိမိကိုယ် မိမိတာဝန်ယူတတ်ကြရန် လိုအပ်သည်။ အလားတူစွာပင် အဆုံးအစမထင်ကျယ်ပြောလှသော လူ့ဘဝပင်လယ်ပြင်၌ ကူးခတ်ကြရသည့်အခါတွင် လည်း သူတို့ကိုယ်ပင် ဆုတောင်းမှုပြုတတ်ကြစေရန် လေ့လာသင်ယူရန် လိုအပ်ပါသည်။

သူတို့၏ မိခင်သည် ကမ်းခြေတွင်စောင့်ကြည့်နေပြီး သတိမပြတ် ဆုတောင်းပေးနေသည်ကို သူတို့သိနေခြင်းက သူတို့အတွက် ဘေး ကင်းလုံခြုံသော အသိစိတ်ကို ဖြစ်တည်စေပါသည်။ သို့တိုင်အောင် တစ်ခါက ကျွန်မ၏သားကလေးတစ်ဦးသည် ပင်လယ်လှိုင်းစီးနေစဉ် လှိုင်းလုံး ကြီးတစ်လုံးက လှိမ့်၍ရိုက်ခတ်လိုက်သောကြောင့် သူ၏စကိတ်ပြားကို ချည်ထားသောကြိုးမှာ ပြုတ်ထွက်သွားခဲ့သည်။ သူရေနစ်တော့မည်၊ ပင် လယ်လှိုင်းအောက်သို့ ရောက်သွားတော့မည်ကို သိနေသော်ငြားလည်း ကျွန်က သူ့အတွက် ကမ်းခြေတွင်ထိုင်၍ ဆုတောင်းပေးနေသည်ကို သူ သတိရလိုက်မိသည်။ သို့ဖြင့် သူ့ဘာသာသူ ဘုရားသခင်ကို တမ်းတဟစ်အော်လိုက်မိသည်။ ထိုသို့ ဘုရားတလိုက်သော အချိန်ကလေးတွင်ပင် ရေနစ်မည့်ဘေးမှ သူလွတ်မြောက်တော့မည်ကို သူ့အလိုလိုသိလိုက်သကဲ့သို့ တကယ်လည်း လွတ်မြောက်လာခဲ့ပါသည်။

ကျွန်မ၏ သားသမီးများ အရွယ်ရောက်လာကြပြီး အတောင်အလက်စုံလင်လာကြကာ ကျွန်မ၏ ရင်ခွင်တည်းဟူသော အသိုက်အမြုံ သောင်ကမ်းမှ ဘဝပင်လယ်ပြာကြီးထဲသို့ ကူးခတ်ထွက်ခွာကြသည့်အခါတွင်လည်း သူတို့၏ မိခင်တည်းဟူသော ကျွန်မက သူတို့အတွက် ဝတ်ပြု ဆုတောင်းပေးနေမြဲ ဖြစ်မည်ကို သူတို့နားလည်သဘောပေါက်ထားကြရန်လည်း အရေးကြီးသည်ဟု ကျွန်မယူဆမိပါသည်။ ထိုအချက်က သူ တို့အနေဖြင့် သောကတောတွင် မျောပါရသောအခိုက်၌ ဘုရားသခင်ကို အကူအညီတောင်းခံရန် သတိပေးနေပါလိမ့်မည်။ ထိုအခြေအနေမျိုးတွင် ကျွန်မအနေဖြင့် သူတို့နှင့် ရင်အုပ်မကွာရှိမနေနိုင်တော့သော်လည်း ဘုရားသခင်ကမူ သူတို့နှင့်အတူ ထက်ကြပ်လိုက်ပါ အတူရှိနေပါလိမ့်မည်။ သူတို့၏ အခက်အခဲမှန်သမျှကို ကျွန်မအနေဖြင့် ဖြည့်ဆည်းပေးခြင်း၊ ဖြေရှင်းပေးခြင်း မပြုနိုင်သော်လည်း ဘုရားသခင်ကမူ ဖြည့်ဆည်း၊ ဖြေရှင်း ပေးနိုင်ပါလိမ့်မည်။ သူတို့အနေဖြင့် ဘုရားသခင်အား ယုံမှတ်အပ်နှံသော အလေ့အကျင့် မွှမ်းထုံနေလျှင် ဘုရားသခင်က ထူးခြားဆန်းကြယ်စွာ ကယ်တင်ပါလိမ့်မည်။

ပင်လယ်ကမ်းခြေတစ်ခုတွင် မိတ်ဆွေသူငယ်ချင်းများနှင့် သူတို့၏ သားသမီးကလေးငယ်များနှင့်အတူ ရှိနေစဉ် မိန်းကလေးငယ်ကလေး တစ်ဦး လှိုင်းရိုက်သဖြင့် ဒုက္ခရောက်လုနီးပါး ဖြစ်ခဲ့ရပုံကို ကျွန်မ၏ အသိတစ်ဦးကပြန်၍ ပြောပြခဲ့ပါသည်။ ကလေးမလေးသည် လှိုင်းရိုက်၍ပါ သွားသည်နှင့် တစ်ပြိုင်နက် ဒုက္ခရောက်တော့မည်ကို သိလိုက်ပြီး ကလေးမလေးကို ကယ်တင်ရန် ပင်လယ်ပြင်ထဲသို့ ကူးထွက်လိုက်သည်။ ရေစီး ကား သူထင်ထားသည်ထက် သန်နေသဖြင့် ကလေးမလေးထံသို့ ရောက်ရှိရန် အချိန်အတော်ကြာ ကြိုးစားကူးခတ်ခဲ့ရသည်။ ကလေးမလေးထံသို့ သူရောက်ရှိသွားချိန်တွင်မူ ကလေးမလေးမှာ ရေနစ်လုနီးပါး ခြေကုန်လက်ပန်းကျနေပြီ ဖြစ်သည်။

ကလေးမလေးကို ကမ်းခြေသို့ ပြန်လည်သယ်ယူရန် ကြိုးစားသည့်အခိုက်တွင်ပင် သူလည်း ခြေကုန်လက်ပမ်းကျကာ အားအင်ကုန်ခန်း

နေပြီဖြစ်သဖြင့် ပြန်လည်ကူးခတ်နိုင်စွမ်း မရှိတော့ကြောင်း သိလိုက်ရတော့သည်။ ထို့ကြောင့် သူက ဘုရားသခင်ကိုသာ အော်ဟစ်တမ်းတလိုက်မိတော့သည်။ ဘုရားသခင်က သူ့အားကူးခတ်ခြင်းမပြုဘဲ ခြေထောက်ကို အောက်ခြေသို့လှမ်းထောက်လိုက်ရန် ညွှန်ကြားခဲ့သည်။ သူ၏ခြေထောက်များကို မဝံ့မရဲလှမ်းထုတ်၍ ဆန့်ကြည့်လိုက်သောအခါ ခြေဖဝါးအောက်တွင် သဲကမူတန်းကလေးကို နင်းစမ်းမိခဲ့သည်။ ထိုသဲကမူတန်းကလေးပေါ်တွင် ကလေးမလေးကို ဖက်တွယ်ကာ အမေရိကန်ကမ်းခြေစောင့်ရေတပ်မှ သူတို့အား ဆယ်ယူကယ်တင်သည်အထိ လှိုင်းလုံးများကြားတွင် မြုပ်ချည်ပေါ်ချည်ဖြင့် နေခဲ့ကြရသည်ဟု ဆိုပါသည်။

ကမ်းခြေသို့ ဘေးကင်းလုံခြုံစွာ ရောက်ရှိကြသောအခါ ကယ်ဆယ်ရေးသမားတစ်ဦးက “ခင်ဗျားဟာ ဒီကလေးမလေးကိုလည်း ပွေ့ထားပြီး ရေပြင်ကိုခြေနဲ့နင်းလို့ ဒီလောက်အချိန်ကြာအောင် ဘယ်လိုများနေခဲ့ကြသလဲဆိုတာ ကျွန်တော်တော့ နားမလည်နိုင်တော့ဘူး” ဟုပြောပါသည်။ ကျွန်မ၏ မိတ်ဆွေက သူ၏ခြေထောက်နှင့် မဝံ့မရဲထိနေသော သဲကမူကလေးပေါ်တွင် ရပ်နေကြကြောင်းပြောသောအခါ ထိုသူက “ခင်ဗျားဘာတွေပြောနေတာလဲ၊ ခင်ဗျားတို့ ရပ်နေတဲ့နေရာအကြောင်းကို ကျွန်တော်တို့ သေသေချာချာသိတယ်။ အင်မတန်ရေနက်တဲ့နေရာပဲ။ ဘာသဲကမူမှ မရှိဘူး” ဟုပြန်ပြောလိုက်ပါသည်။

နက်နဲကျယ်ပြောလှသော ပင်လယ်ပြာအလယ်တွင်ပင် ဘုရားသခင်က ကျွန်မတို့ခြေချစရာ တစ်စုံတစ်ရာကို ပေးသနားပါလိမ့်မည်။

(ဂျိုဆီ ကလာ့ခ်)

(By. Josie Clark)